# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ သောကြာနေ့ (6-12-2013) (၇၆၈၆)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆေါလီ နီနီစတို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျာကီ တတ်ဝနီ ကတ်တနမ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဖိလစ်ပိုင်နိုင်ငံသမ္မတက ဂုဏ်ပြုကြိုဆို



မနီလာ ဒီဇင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အက်စ် အကွီနို (၃)က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ရှိ မာလာကန်ညင်နန်းတော်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ဖိလစ်ပိုင်သမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။ (ယာပုံ)

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် ဖိလစ်ပိုင်သမ္မတက ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ကြသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း အတူလိုက်ပါလာသည့်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မာလာကန်ညင်နန်းတော် ဧည့်ခန်းမဆောင်၌ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဖိလစ်ပိုင်သမ္မတနှင့် မာလာကန်ညင်နန်းတော် Music ခန်းမ၌ တွေ့ဆုံသည်။

ဆက်လက်၍ နှစ်နိုင်ငံဆွေးနွေးပွဲကို အဆိုပါနန်းတော်ရှိ President ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာခင်းမြင့်၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




အမျိုးသမီးအတွဲလိုက် အခြေခံမျိုးတူပြိုင်ပွဲတွင် ထိုင်းအမျိုးသမီးအားကစားသမားများ အနိုင်ရရှိပြီးနောက် အောင်ပွဲခံနေစဉ်။

## မြန်မာမပါဝင်ခဲ့သည့်အတွဲလိုက်အခြေခံမျိုးတူပြိုင်ပွဲ ထိုင်းအသင်းရွှေနှစ်ခုဆွတ်ခူး ဆီးပိမ်းဆုတံဆိပ်ရရှိမှုတွင် ထိပ်ဆုံးမှရပ်တည်

သတင်း-နိုင်လင်းကြည် » ဓာတ်ပုံ - YAMANYA

နေပြည်တော် ဒီဇင်ဘာ ၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ခြင်းလုံးအားကစားပြိုင်ပွဲ၏ အတွဲလိုက် အခြေခံမျိုးတူပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်က မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိခြင်းလုံးအားကစားပြိုင်ဝင်း၌ ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာရိုးရာခြင်းလုံးပြိုင်ပွဲလေးမျိုးတွင် ဆီးဂိမ်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့် သုံးမျိုးသာရရှိသည့်အလျောက် ယင်းပြိုင်ပွဲတွင် မြန်မာပါဝင်ယှဉ်ပြိုင်ကစားခဲ့ခြင်းမရှိဘဲ ထိုင်းနိုင်ငံကိုယ်စားပြု အမျိုးသား အမျိုးသမီးအတွဲလိုက် အခြေခံမျိုးတူ ပြိုင်ပွဲဝင်အသင်းများက ပထမဆု (ရွှေ)များရရှိကာ ဆီးပိမ်းဆုတံဆိပ်ရရှိမှုတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။

အမျိုးသားအတွဲလိုက် အခြေခံမျိုးတူပြိုင်ပွဲတွင် ထိုင်း အမျိုးသားအသင်းသည် အုပ်စုပွဲစဉ်တွင် ရမှတ် ၂၅၆ မှတ် ရရှိကာ လာအို အမျိုးသားအသင်းက ၂၁၅ မှတ်ရရှိခဲ့ပြီး စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် ဒီဇင်ဘာ ၅

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (ကြေးမုံ)





အာရှတွင် အကောင်းဆုံး Education Specialist ဆုများပိုင်ဆိုင်ထားသော၊ SR Education Group နှင့် အာရှထိပ်သီး အဆင့်မြင့် ပညာရေး အကြံပေးများ ဦးစီးဖွင့်လှစ်သော ရန်ကုန်မြို့လယ်မှ ခေတ်မီမြို့ပြကောလိပ် ကျောင်းကြီးကို January 2014 တွင်စတင်ဖွင့်လှစ်ပါမည်။

- Pre-College Foundation (IGCSE)
- Higher Diploma in Business
- Higher Diploma in Electronics
- Bachelor of Business
- Master of Business Administration (MBA)

MMC City Campus
47/48, Bahosi Building
Lanmataw Township (11131)
Yangon, Myanmar
www.yourmmc.com
01 2301380-1, 09 450063108-9

## ကြေးမုံ စာတည်းရှေ့ထောင့် ၆-၁၂-၂၀၁၃၊ သောကြာနေ့

# တာဝန်သိသိ အသိတရားရှိရှိ

မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ မိမိအလုပ်သည် လုပနေဖို့၊ မိမိအလုပ်သည် ဂုဏ်ရှိနေဖို့၊ မိမိအလုပ်သည် အောင်မြင်နေဖို့အတွက် အဓိကကျသည့်အချက်မှာ စည်းကမ်းစနစ်ကျနခြင်းဖြစ်သည်။

စည်းကမ်းဟူသည် မိမိအတွက်သတ်မှတ်ထားသော စည်းကမ်း၊ မိမိပတ်ဝန်းကျင်မှသတ်မှတ်ထားသောစည်းကမ်း၊ မိမိအလုပ်မှသတ်မှတ်ထားသောစည်းကမ်း၊ မိမိနိုင်ငံမှသတ်မှတ်ထားသော စည်းကမ်းဟူ၍ စည်းကမ်းအမျိုးမျိုးရှိသည်။

ထိုစည်းကမ်းများကို ကိုယ်စီကိုယ်စီလိုက်နာကြမှသာ အောင်မြင်သောအလုပ်၊ လုပသောဝန်းကျင်၊ ကောင်းမွန်သော လူမှုဘဝတစ်ခု ပေါ်ထွန်းနေမည့်အပြင် မိမိဝန်းကျင်မှလူအပေါင်းတို့လည်း စိတ်နှလုံးချမ်းမြေ့ ငြိမ်းအေးချမ်းသာနေကြရမည်ဖြစ်ပါသည်။

စည်းကမ်းဟူသည် လူ၏တန်ဖိုးဟုဆိုထားပါသည်။ ထို့ကြောင့် တန်ဖိုးရှိသော လူသားတစ်ဦးဖြစ်စေရန်အတွက် သတ်မှတ်ထားသော စည်းကမ်းတို့ကို လိုက်နာကြရမည်ဖြစ်ပါသည်။ မြန်မာတို့၏ လက်သုံးစကားဖြစ်သည့် အမှုမဲ့အမှတ်မဲ့၊ သတိမထားမိဟူ၍ ဆိုကြခြင်းသည် ပေါ့ပေါ့တန်တန် တာဝန်မဲ့ပြောဆိုခြင်းဖြစ်ပေလိမ့်မည်။ နောက်တစ်နည်းအားဖြင့် မိမိဆန္ဒကို ဦးစားပေးမိခြင်းကြောင့်ဟုဆိုလျှင်လည်း အတ္တကိုရှေ့တန်းတင်လွန်းသည်ဟု ဆိုနိုင်ပါသည်။

မျက်မှောက်ကာလ ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေသော အချိန်ကာလဝယ် လွတ်လပ်မှုနှင့် စည်းကမ်းကို ကွဲကွဲပြားပြား နားလည်ထားသင့်သလို စည်းကမ်းနှင့် ချုပ်ချယ်မှုကို ခွဲခြားနားလည်ထားသင့်ပါသည်။ ဒီမိုကရေစီတွင် စည်းကမ်းသည် ဒွန်တွဲ၍ ပါဝင်နေပြီး စည်းကမ်းရှိသော ဒီမိုကရေစီဟုဆိုပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ရာတွင် နမူနာယူစရာအဖြစ် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများလည်းရှိမည်။ အနီးစပ်ဆုံးအားဖြင့် မိမိတို့နှင့်တန်းတူ သို့မဟုတ် နောက်တန်းမှ အပြိုင်တိုးတက်လာသော အာဆီယံနိုင်ငံများကို ပြန်ကြည့်လျှင် နိုင်ငံသားများ ကိုယ်စီစည်းကမ်းလိုက်နာကြသောကြောင့် နိုင်ငံတစ်စတစ်စ တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပလျက်ရှိရာ နိုင်ငံအတွင်းရှိ မြို့တော်ကြီးများအတွင်းသို့ နိုင်ငံတကာမှ အားကစားသမားများ၊ မီဒီယာသမားများ၊ ဧည့်သည်များ အမြောက်အမြား ရောက်ရှိနေသောအချိန်ဖြစ်ပါသည်။ ထိုကာလဝယ် နိုင်ငံသားတိုင်း စည်းကမ်းတကျနေထိုင် ပြုမူတတ်ရန် အထူးလိုအပ်ပါသည်။

စည်းကမ်းမဲ့နေထိုင်ပြုမူကြပါက မိမိတို့နိုင်ငံ ဂုဏ်သိက္ခာကျဆင်းစေမည့်အပြင် နိုင်ငံတကာအလယ်တွင် အရှက်တကွဲဖြစ်တတ်ပါသည်။ ဆီးဂိမ်းပြိုင်ပွဲများတွင် သက်ဆိုင်ရာတို့က အဆောက်အအုံနှင့် နည်းစနစ်များကို များစွာရင်းနှီးမြှုပ်နှံပြီး ခေတ်မီစနစ်ကျ အဆင့်မြင့်စွာစီမံထားရာ ပြိုင်ပွဲသို့လာရောက်ကြသူများနှင့် ပတ်ဝန်းကျင်ရှိပြည်သူများက နေရာအလိုက်သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။

ပြိုင်ပွဲများကို ယမန်နေ့မှစတင်၍ စတင်ယှဉ်ပြိုင်ကစားနေကြပြီဖြစ်ရာ ဖွင့်ပွဲရက်ဝန်းကျင်မှစ၍ ပြိုင်ပွဲမြို့စုံ၊ နေရာစုံတွင် ခြိမ့်ခြိမ့်သဲသဲဆင်နွှဲကြတော့မည်ဖြစ်သည်။ ထိုအခါ ပြိုင်ပွဲသို့လာရောက်ကြမည့်၊ အားပေးကြမည့်၊ သတင်းယူကြမည့် လူအပေါင်းတို့သည် သတ်မှတ်ပြိုင်ပွဲနေရာအလိုက် စည်းကမ်းတကျဝင်/ထွက်သွားလာလုပ်ရှားကြရန်လိုမည်ဖြစ်သည်။

ထိုသို့လာရောက်ကြရာတွင် ကစားကွင်းစည်းကမ်းများနှင့်ပတ်သက်ပြီး မိမိတို့မသိပါ၊ မိမိတို့သတိ မထားနိုင်ပါဟုဆိုလျှင် တာဝန်ရှိသောသူများ၏ ညွှန်ပြမှုများကို နာခံရပေလိမ့်မည်။ ထိုသို့မဟုတ်ပါမူ စည်းကမ်းမရှိသောနိုင်ငံသား၊ တာဝန်မသိသောပြည်သူများဖြစ်ကာ နိုင်ငံဂုဏ်သိက္ခာကျဆင်းစေမည့်အပြင် ပြိုင်ပွဲနှင့် ပတ်ဝန်းကျင်အတွက် အနှောင့်အယှက်များစွာဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ကြံ့တောင့်ကြံ့ခံ ဆီးဂိမ်းပြိုင်ပွဲကြီးတွင် တစ်ခဲနက်ရောက်ရှိလာကြသူအပေါင်းတို့က တာဝန်သိသိ အသိတရားရှိရှိဖြင့် ပါဝင်သင့်သလို မသိနားမလည်ပါကလည်း သိနားလည်အောင် ပိုင်းပန်းလမ်းမှန်ပြဖို့ လိုမည်ဟု ကြေးမုံကရှုမြင်ပါသည်။ ။

# ပေါင်းစည်းလယ်ယာစနစ် လုပ်ကွက်များ ဖန်တီးတည်ဆောက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၅

မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဒီဇင်ဘာ ၂ ရက်တွင် ဗိုလ်အောင်ကျော် ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော နော်ဝေနိုင်ငံ ငါးသယံဇာတတိုင်းတာလေ့လာသည့် သုတေသနရေယာဉ် Dr. Fridtjof Nansen ပေါ်တွင် ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သည်။

ဒုတိယဝန်ကြီးက နိုင်ငံတော်သမ္မတ၏ ပြည်ပခရီးစဉ်တွင် နော်ဝေနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ နှစ်နိုင်ငံ ချစ်ကြည်ရေးအနေဖြင့် တိုင်းတာဆောင်ရွက်ပေးခြင်း ဖြစ်သည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ်ကမ်းလွန် ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်တို့တွင် တည်ရှိနေသည့် ငါးသယံဇာတဖြစ်တည်မှုကို လေ့လာ သုတေသနပြုပေးသည့်အတွက် များစွာအကျိုးရှိပါကြောင်း၊ ထွက်ပေါ်လာမည့် သုတေသနသတင်းများအရ နိုင်ငံတော်၏ မြေသယံဇာတတို့နှင့် ချင့်ချိန်သုံးစွဲသွားရမည့်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အခမ်းအနားတွင် FAO မှ ဌာနေကိုယ်စားလှယ် Ms.Bui Thi Lan၊ ငါးသယံဇာတ တိုင်းတာလေ့လာသည့်အဖွဲ့မှ Dr.Kathrine Michalsen၊ နော်ဝေနိုင်ငံဆိုင်ရာ သံရုံးမှ ပထမအတွင်းဝန် Ms.Marte Briseit, Bay Of Bingala Large Marine Ecosystem မှ Dr.Chris O'Brian၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်မော်တို့မှ နော်ဝေနိုင်ငံနှင့် ပူးပေါင်း၍ ငါးသယံဇာတ တိုင်းတာလေ့လာမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားထားရှိသည့် အစားအစာဖူလုံစေရေးအတွက် နောင်ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀ အားမျှော်မှန်း၍ တွက်ချက်ဆောင်ရွက်သွားရန် RV Dr.Fridtjof Nansen နှင့် ပတ်သက်၍ ရရှိလာသည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ ငါးတည်ရှိမှု ထုထည်ပမာဏ (Bionass)၊ MSY ရေရှည် ငါးဖမ်းဆီးထုတ်လုပ်နိုင်မှုများအား တွက်ချက်၍ ငါးဖမ်းဆီးထုတ်လုပ်နိုင်မှု၊ GTP ဖမ်းဆီးနိုင်မှုစသည်တို့အား အသေးစိတ်တွက်ချက် သက်မှတ်ပေးနိုင်ပြီး ငါးလုပ်ငန်းဆိုင်ရာ ရေ့လုပ်ငန်းစဉ် မပါဒချမှတ်နိုင်ရန် တရားမဝင် ငါးဖမ်းဆီးမှု ပပျောက်ရေးအတွက် ယခု နော်ဝေသုတေသနရေယာဉ်မှ ရရှိလာသည့် အချက်အလက်များ အပေါ်အခြေခံ၍ တွက်ချက်ကာ နိုင်ငံတကာ နိုင်ငံခြားငါးဖမ်းရေယာဉ်များကို ခွင့်ပြုသတ်မှတ်သွားမည်ဖြစ်ပြီး ငါးဖမ်းရေယာဉ်တည်ရှိမှုစနစ် MCS ကျင့်သုံးပြီး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပကာ လုထုသဘောထားရယူ၍ ဆွေးနွေး ဆောင်ရွက်သွားမည်။ ရေချိုငါးသယံဇာတ ပေါ်များစေရေးအတွက် ရေလုပ်သားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးစေရေးအတွက် ရန်ကုန်-ဧရာဝတီ-ပဲခူးဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တွဲဖက်၍ ပေါင်းစည်းလယ်ယာစနစ် လုပ်ကွက်များ ဖန်တီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အစာအာဟာရ ဘေးကင်းလုံခြုံရေးအတွက် တစ်ဦးချင်းငါးစားသောက်မှု တိုးတက်၍ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် Working Group ဖွဲ့စည်း၍ ဆောင်ရွက်သွားခြင်းဖြင့် ငါးသယံဇာတ ပြန်းတီးမှုလျော့ပါးလာပြီး ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါနော်ဝေသုတေသန ငါးသယံဇာတ လေ့လာတိုင်းတာရေး ရေယာဉ်သည် နိုဝင်ဘာ ၁၃ ရက်မှ ၃၀ ရက်အထိ ၁၈ ရက်ကြာ ပင်လယ်ပြင်တွင် တိုင်းတာသုတေသနပြုခဲ့ပြီး ဒီဇင်ဘာ ၃ ရက်တွင် ပင်လယ်ပြင်သို့ ပြန်လည်ထွက်ခွာ၍ ဆက်လက်တိုင်းတာ သုတေသနပြုမည်ဖြစ်သည်။ ရေယာဉ်နှင့်အတူ ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်းနှင့်အမှုထမ်းများ၊ မော်လမြိုင်နှင့် မြိတ်တက္ကသိုလ်မှ ကထိကများ၊ တပ်မတော်ရေမှ တာဝန်ရှိသူများလိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၅

| | | | |
|---|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၅၃၈၀၁ | - | ၆၅၄၈၀၀ |
| မန္တလေး ရွှေဈေး | ၆၅၃၅၀၀ | - | ၆၅၄၅၀၀ |

စက်သုံးဆီဈေးနှုန်း

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

နိုင်ငံခြားငွေလဲလှယ်နှုန်း

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၈၂. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၃၄. ၃ |
| (ဂ) စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၂. ၇၅ |
| (ဃ) တရုတ် | တစ်ယွမ် | = ၁၆၁. ၂၁ |
| (င) ထိုင်း | တစ်ဘတ် | = ၃၀. ၄၆၉ |
| (စ) မလေးရှား | တစ်ရင်းဂစ် | = ၃၁၄. ၃၅ |
| (ဆ) အိန္ဒိယ | တစ်ရူပီး | = ၁၅. ၈၅၇ |
| (ဇ) ဂျပန် | တစ်ရာယန်း | = ၉၅၈. ၉၄ |
| (ဈ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၅၁၅ |
| (ည) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၆. ၁၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း






# မိတ်ဆွေတို့ သတိစို့ မြမျက်ရည်

ဦးဟန်ညွန့်(ဥပဒေ)

နာရေးသတင်း

မနက်မိုးလင်း၍ သတင်းစာရောက်ရောက်ချင်း နာရေးသတင်းကို ချက်ချင်းဖတ်စမြဲ။ အလို. . .။ မန္တလေးတိုင်းတရားသူကြီး(ငြိမ်း)ဦးဟန်ညွန့် ၃၀-၁၀-၂၀၁၃ နေ့က ကွယ်လွန်သည်တဲ့။ အသက် (၇၂)နှစ်။ ခင်မင်ရင်းနှီးသော တရားသူကြီး အပေါင်းအသင်းများ၊ တပည့်များက အထူးဝမ်းနည်းကြေကွဲခြင်းသတင်းများ အဆက်မပြတ်ထည့်ကြသည်။ ဦးထွန်းအောင်ကျော်၊ ဒေါ်နွယ်နွယ်ရီ၊ ဦးတင်မြင့်၊ ဒေါ်သန်းနု၊ ဦးဝင်းဖေ၊ ဒေါ်ထွေးဖြူ ဦးမျိုးချစ်၊ ဒေါ်မြင့်မြင့်တို့ကလည်းဝမ်းနည်းကြေကွဲဖြင်း ကြော်ငြာများ အသီးသီးဖော်ပြသည်။

အောင်ဆန်း(၆)နှင့်အောင်ဆန်း(၇)

လွန်ခဲ့သောနှစ်ဝေါင်းလေးဆယ်။ တိတိကျကျရေးရသော် ၁၉၇၃ ခုနှစ် ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းတက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့သော ပြည်သူ့ရေးရာအရာရှိသင်တန်း၊ ဥပဒေအရာရှိသင်တန်းက အောင်ဆန်း(၆)၊ တရားရေးအရာရှိသင်တန်းက အောင်ဆန်း(၇)၊ အမှတ်စဉ်(၆)နှင့်(၇)မှာ ရှေ့ဆင့် နောက်ဆင့်၊ ကျွန်တော်က ဥပဒေအရာရှိသင်တန်းသား၊ ဦးဟန်ညွန့် (ကျွန်တော်နှင့် တိုက်တိုက်ဆိုင်ဆိုင် နာမည်တူသူ)က တရားရေးအရာရှိသင်တန်းသား။ နာမည်တူနေ၍ ကွဲကွဲပြားပြားမြစ်အောင် ကျွန်တော့်ကို ဦးဟန်ညွန့်(ဥပဒေ)ဟုခေါ်ပြီး သူ့ကို ဦးဟန်ညွန့်(တရားရေး)ဟု ခေါ်ကြသည်။ အလုပ်ထဲရောက်သည့်အထိ နာမည်တူချင်းမို့ ခဏခဏ မှားတတ်ကြသည်။ သင်တန်းတက်ဖက်၊ လုပ်ငန်းတူ၊ ဘဝတူချင်းမို့ သံယောဇဉ်ဖြစ်ကြသည်။ ဦးဟန်ညွန့်(တရားရေး)သည် စင်ကြယ်သော သီလ၊ ထက်မြက်သော ဂုဏ်သတင်းဖြင့် တရားသူကြီးဘဝကို ဖြတ်သန်း ပြီးဆုံးခဲ့ရှာပြီ။ ကောင်းရာဘုံဘဝရောက်ရှိပါစေသူငယ်ချင်း။

သေတစ်နေ့မွေးတစ်နေ့ (စာရေးဆရာနောင်စစ်သည်)

လူတစ်ယောက်၏ဘဝမှတ်ကျောက်ကို သေသည့်အခါကျမှ ထင်ထင်ရှားရှားပြောကြားလေ့ရှိသည်။ အသက်ထင်ရှားရှိစဉ်က မဝေဖန်ငြား၊ သေသွားသည့်အခါ ထိုလူအကြောင်း အကောင်း၊ အဆိုးမှန်သမျှဝေဖန်ကြစမြဲ။ အတင်းအဖျင်းမှန်သမျှတားမရဆီးမရ။ ဤကား သဘာဝ။ ကိုယ့်သမိုင်းကိုယ်ရေးကြသည်သာ ဖြစ်သည်။ စာရေးဆရာနောင်စစ်သည် (ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ-ငြိမ်း)က “သေတစ်နေ့ မွေးတစ်နေ့” ဖြစ်သည်။ တစ်နေ့မွေးပြီးလျှင်တစ်နေ့တော့ သေရမည်။ သေမာကြောက်ရွံ့ကြသူများအတွက်ကား အကြိမ်ကြိမ်သေကြရ၏။ သေတစ်နေ့ မွေးတစ်နေ့သမားများအတွက်ကတော့ တစ်ကြိမ်မွေးပြီး တစ်ကြိမ်သာသေကြရသည်။ စစ်သားဆိုတာက သေတွင်းနှုတ်ခမ်းပေါ်တွင် လျှောက်နင်းရင်း သေတစ်နေ့ မွေးတစ်နေ့ဇာတ်ခင်းနေကြသူများဖြစ်သည်။ ဤစာအုပ်သည် သေတစ်နေ့ မွေးတစ်နေ့ဇာတ်လမ်းများထဲမှ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည် ဟု သေတစ်နေ့မွေးတစ်နေ့စာအုပ်(၃)တွဲထုတ်ဝေ၍ ဖော်ပြရေးသားခဲ့သည်။ ဖတ်ရှုဆင်ခြင်ဖွယ်ဖြစ်သည်။

ရှပ်ရှင်မင်းသား ကိုဝင်းဉီး၏တစ်နေ့သေ တစ်နေ့မွေး

နာမည်ကျော်ရုပ်ရှင်မင်းသား ကိုဝင်းဉီးကလည်း “တစ်နေ့သေ တစ်နေ့မွေးပါတဲ့” ယနေ့အခြေ ယနေ့တွေးရမယ်ဆိုရင်တော့ မွေးနေ့ဆိုတာ နေရာသင်္ကေတဝါခင်ဗျာလို့ ဆင်ခြေလှကလေးပေးလိုက်တယ်။ တရွေ့ရွေ့တမြည့်မြည့်နဲ့ပဲ မနေ့တစ်နေ့ကစပြီး ယနေ့ ဇရာတံခါးဝကိုရောက်လာတယ်ဟု၍ ကဗျာစပ်ဆိုခဲ့ဖူးပေသည်။

အပေါင်းတို့ကြွေရာ အသစ်တို့ဝေမှာ

၁၉၇၃ မှာ အလုပ်ဝင်၊ ၂၀၀၈ မှာ အငြိမ်းစားသွားသော အောင်ဆန်း (၆) မှ (ကသ-၁၅) မြင့်မြင့်ဝင်းက ၇၃ မှာ မွေးဖွား၊ (၃၄)နှစ်သား အောင်ဆန်း (၆) ပေါက်ရောက်အောင်မြင်၊ ပြည်တစ်ခွင်မှာ၊ ဝညာဥပဒေ၊ ဖြာပေအလှဆင်ခဲ့ကြပြီနော်. . .။ သည်ကာလမှာ ဆရာ့ဆရာတွေ စေတနာ၊ မေတ္တာ၊ ပညာအရိပ်နားမှိအိပ်ပြီး ကြီးလေးတာဝန်တွေ (ဗိ) ကျေနိုင်ခဲ့ကြပြီ။ ၇၃ ခုနှစ် ခေတ်ပြောင်းကာလ New Blood သူငယ်ချင်းတစ်စု၊ ခုနေအခါ Pensioner တွေဖြစ်၊ အသစ်တိုကို နေရာပေး၊ သမိုင်းကျွေးလည်း ကျေခဲ့ကြပြီ။ အပေါင်းတို့ကြွေရာ အသစ်တို့ဝေမှာ မမ္မတာသဘောမို့နှမြောလည်းမနေတော့ပြီ။ ဝေတာ၊ ကြွေတာ၊ ပန်းမွေတာ၊ မဆန်းပါဘူး။ ဝေစဉ်မှာမွေး၊ ကြွေလည်းမွေးတဲ့ ဝန်းကလေးခရေလို ကိုယ်တို့တစ်တွေ ဘယ်အခြေရောက်ရောက် အောင်ဆန်း(၆) စိတ်ဓာတ်၊ ရင်မှာကမ်ပြီး ကျန်ခရီးမှာ ဝေ့်ရှင်စွာပေါ့ သူငယ်ချင်းရယ်. . . ဟူသော “နှုတ်ဆက်ခဲ့တယ်သူငယ်ချင်းရယ်” ကဗျာဖြင့် ရင်မှာခံစား နှုတ်ဆက်ရေးစပ်ထားသည်။

☞ လူတစ်ယောက်၏ ဘဝမှတ်ကျောက်ကို သေသည့်အခါကျမှ ထင်ထင်ရှားရှား ပြောကြားလေ့ရှိသည်။

☞ အသက်ထင်ရှားရှိစဉ်က မဝေဖန်ငြား၊ သေသွားသည့်အခါ ထိုလူအကြောင်း အကောင်း၊ အဆိုးမှန်သမျှ ဝေဖန်ကြစမြဲ။

☞ အတင်းအဖျင်းမှန်သမျှ တားမရဆီးမရ။

☞ ဤကား သဘာဝ။

တစ်နှစ်တစ်ခါ ဆုံကြတာ

ဥပဒေအဖွဲ့ရ ကျောင်းသားဟောင်းများလည်းဖြစ်၊ ဥပဒေအရာရှိ သင်တန်းသား သင်တန်းသူများလည်းဖြစ်ကြသော ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းတက္ကသိုလ် (၄) သို့ ကျောင်းဆင်းသူငယ်ချင်းများသည် တစ်နှစ်တစ်ခါ ဆုံဖြစ်ကြပါသည်။ အားလုံးနီးပါး အငြိမ်းစားများဆိုသော်လည်း အရေးကြီးပုဂ္ဂိုလ်ဖြစ်သူဖြစ်၊ ဥပဒေအကြံပေး ရှေ့နေရှေ့ရပ်အလုပ်ဆက်လုပ်သူများ မရှား၊ တတိယအရွယ် ဇရာတံခါးဝသို့ ရောက်ကြသော်ငြား မင်းနဲ့ငါ ရင်းရင်းနှီးနှီး အားပါးတရ ငယ်ဘဝကို ပြန်ပြောင်းသတိရကြသည်။ ရာထူးအဆင့်အတန်းတွေ ဘေးဖယ်ထား ကျန်းကျန်းမာမာ၊ ရွှင်ရွှင်လန်းလန်း ဘဝခရီးကိုလျှောက်လှမ်းနေကြသူများ မိတ်ဆွေစစ်မိတ်ဆွေမှန်များဖြစ်ကြပေသည်။ ကျွန်တော်တို့ အောင်ဆန်း (၆) သင်တန်းဆင်းများပမာ သင်တန်းတက်ဖူးသူတိုင်း ဤသို့ ရှိမည်သာ။ ပြန်လည်ဆုံတွေ့ကြသူတိုင်းဝမ်းသာအားရ အသက်ပို၍ ရှည်ကြမည်သာ။

မလွန်ဆန်နိုင်သော သေခြင်းတရား

သေခြင်းတရားကို မည်သူမျှ မလွန်ဆန်နိုင်။ သင်တန်းတက်ဖက် သူငယ်ချင်းအချို့ ကွယ်လွန်ရှာပြီ။ ကျန်းမာရေးချို့ယွင်းသူ၊ အိပ်ရာထဲလဲနေသူ၊ လေဖြတ်သွား၍ စကားမပြောနိုင်တော့သူ၊ အသက်(၇၀)တိုင် ကျန်းကျန်းမာမာဖြင့် လမ်းလျှောက်နေဆဲ၊ စီးပွားရေးလုပ်ငန်းများအောင်မြင်နေဆဲ။ သားထောက်သမီးခံ မရှိရှာဘဲ ဘဝကိုဆင်းရဲစွာ ရုန်းကန်နေသူ၊ သာသနာ့ဘောင်သို့ အပြီးပြောင်းကာ သင်္ကန်းဝတ်ဖြင့် ဆွမ်းခံကြွလာသူ၊ ဥပဒေဝညာဖြင့် အသက်မွေးဝမ်းကျောင်းပြုဆဲပုဂ္ဂိုလ်များ. . .။ ထိုထိုသော မိတ်ဆွေသူငယ်ချင်းများ၏ မိတ်ဆုံပွဲ။ နှစ်စဉ်အမြဲတွေ့ဆုံဆဲ။ သင်တန်းတက်စဉ်က စုစုဝေါင်း သင်တန်းသား ၁၂၆ ဦး။ မလွန်ဆန်နိုင်သော သေခြင်းတရားကြောင့် လျော့ပါးစပြုပြီ။ ခပ်သိမ်းသော သင်္ခါရတရား၊ စွမ်းအားကြီးလှပေသည်။ ရှေ့က သွားနှင့်သူ သွားနောက်က လိုက်သူလိုက်။

ဗုဒ္ဓဒေသနာတော်အဘိဓာန်

မေတ္တာဆင့်ပွား၊ သတိထားလျက်။ သာသနာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ဗုဒ္ဓဒေသနာတော်ဝေါဟာရ အဘိဓာန် (Dictionary of Buddhist Terms) ကိုဖတ်ရှုလေ့လာရာ အောက်ပါဝေါဟာရစာလုံးအချို့ကို မှတ်သားရပါ၏။ ရှုပါ။

**DEATH Marana**

မရဏ-သေခြင်း၊ ဝျက်စီးခြင်း

မရဏ(၄)မျိုး

(၁) အသက်တမ်းကုန်၍သေဆုံးခြင်း

(၂) ကံကုန်၍သေဆုံးမြင်း

(၃) အသက်တမ်းနှင့် ကံစွမ်းနှစ်ပါးလုံးကုန်၍ သေဆုံးခြင်း

(၄) အသက်တမ်းနှင့်ကံစွမ်းနှစ်ပါးလုံး မကုန်သေးသော်လည်း ကပ်၍ဖြတ်တတ်သော ကံကြောင့် သေဆုံးခြင်း

အဘိဓာန်(စာမျက်နှာ-၄၉)

**CONDITIONED PHENOMENA.Sankhara**

သင်္ခါရ-ပြုပြင်ခံရသောတရား

ခပ်သိမ်းသောသင်္ခါရတရားတို့သည် မတည်မြဲကုန်။

ALL Conditioned Phenomena are impermanent.

အဘိဓာန်(စာမျက်နှာ-၃၉)

တရားဓမ္မအေးကြည်မြ

ဗုဒ္ဓတရားတော်များကို ကြားနာမှတ်သားရသည်မှာ အေးချမ်းလှပါ၏။ ကြည်လင်လှပါ၏။ အပူအလောင်ကင်းလှပါ၏။ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းများအား ဆင်ခြင်တတ်လာပါ၏။ “ တရားဓမ္မအေးကြည်မြ” ဟုဆိုပါရစေ။

ပြုမိအပြစ်များ ငြိမ်းစေသား

မွေးဖွားခြင်းနှင့်သေဆုံးခြင်းကြားတွင် ပြုမိ၊ မှားမိသော အပြစ်များသည် လူတိုင်းတွင်ရှိပါ၏။ မသေမီစပ်ကြား ပြုမိသောအပြစ်များ ငြိမ်းနိုင်သမျှငြိမ်းစေဖို့ အားထုတ်ကြပါစို့။ ကာယကံပြစ်မှု ဝစီကံပြစ်မှု တစ်ခုခုပြုမိတတ်ကြပါ၏။ ပြစ်မှားမိသူများအပေါ် တောင်းပန်ခြင်း၊ ကန်တော့ခြင်းဖြင့် မြတ်ဗုဒ္ဓ၏အဆုံးအမကို နာခံသည်မည်ပါ၏။ ပြစ်မှားမိသောအပြစ်များ၊ ပပျောက်ငြိမ်းအေးသွားပါစေ။ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ သက်ကြီးဝါကြီးတို့အား လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြပါ၏။ ကောင်းကျိုးမင်္ဂလာအဖြာဖြာများ ရရှိမည်ဖြစ်ပါ၏။ ပြစ်မှုတစ်စုံတစ်ရာရှိသော်ငြား ပပျောက်ငြိမ်းအေးတတ်ပါ၏။ မိမိအပြစ်ကိုဖွင့်ဟပန်ခံ တောင်းပန်ခြင်းသည် မင်္ဂလာရှိလှပါ၏။ ပြုမိအပြစ်များ ငြိမ်းစေသား. . . . ။ အင်အားတိုးပွား၊ မေတ္တာများ။

ဘဝခရီးဖော်များ မိတ်ဆွေများ ပေါင်းစု၊ သုံးသပ်မှုပြုကြစို့။

ဘဝခရီးဖော်မိတ်ဆွေများကား များလှပါ၏။ ကျောင်းနေဖက်သူငယ်ချင်းများလည်း စုံလင်လှပါ၏။ ဝန်ထမ်းဘဝလက်တွဲခဲ့ရသူများလည်း များပြားပါ၏။ ဆင်းရဲချမ်းသာ၊ ရာထူးကြီးငယ်၊ နယ်ပယ်အစုံ၊ အနိမ့်အမြင့်၊ အတက်အကျ၊ ဘဝစုံသူများဖြစ်ကြပါ၏။ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ ပရမျှားမှသက်ကြီးရွယ်ပို၊ ဇရာအိုဘဝသို့ ရောက်သူရောက်၊ သေသူသေ၊ နာသူနာ၊ ပျောက်သူပျောက်၊ လမ်းမျိုးစုံဖောက်ခဲ့ကြပြီဖြစ်ပါ၏။ ဘဝခရီးဖော် မိတ်ဆွေများအကြောင်း တွေးလေ၊ တွေးလေ၊ သတိရလေ၊ ကုန်လွန်ခဲ့သောကာလများအား တမ်းတလေ၊ လွမ်းဆွတ်လေဖြစ်ပါ၏။ ရှေးဟောင်းနှောင်းဖြစ်တွေ သတိရလေလေဖြစ်ပါ၏။ မုန်းလျက်မခွဲ၊ ချစ်လျက်ခွဲရမည်ဖြစ်ပါ၏။

တိုက်ရိုက်ထိရှ ငြိတွယ်သောကဗျာ နိဂုံးချုပ်ပါရစေ။

အမျိုးသားစာပေဆုရ စာရေးဆရာ၊ ကဗျာဆရာ၊ ချစ်သူငယ်ချင်း ပျဉ်းမနားမောင်နီသင်းသည် ၂၀၁၁ ခုနှစ် အမျိုးသားစာပေဆု(ကဗျာပေါင်းချုပ်ဆု) ကို “ငှက်ကလေး၏ တေးချိုချို” ကဗျာများစာအုပ်ဖြင့် ဆွတ်ခူးရရှိပါ၏။ အဆိုပါ စာအုပ်ထဲမှ ဘဝခရီးဖော် မိတ်ဆွေများနှင့် တိုက်ရိုက်၊ ထိရှ ငြိတွယ်သော အောက်ပါကဗျာဖြင့် နှုတ်ခွန်းဆက်သ သတိရနေပါကြောင်း တင်ပြလိုက်ရပါသည်။

“မိတ်ဆွေတို့ သတ်စို့ မြမျက်ရည်”

✳ ယာတစ်ရိုး၌ ငွေချိုးကကူ
ဝန်းကလေးတို့ ပျံ့မွှေးကြူကြူ
မြမြက်ခင်းနှင့် နှင်းစက်ဖြူဖြူ
မိတ်ဆွေတို့ သွားစို့ခရီးတူ။

✳ အိပ်မက်သာမျှ ဘဝတိုတို
မည်သူ့ဆီက ဘာမျှလို
ချစ်ခြင်းကိုဖြင့် ပေးခွင့်ကိုဆို
မိတ်ဆွေတို့ ဆိုစို့ တေးချိုချို။

✳ ဆိုကြသည့်တေး အေးမြကြည်လင်
ကြင်နာကြတုန်း ပြုံးပြုံးရွှင်ရွှင်
ရှေ့တောင်ရိုးက မိုးသက်ကယ်ဆင်
မိတ်ဆွေတို့ ခွဲဖို့ အချိန်ပင်။

✳ တွေ့ကြ၊ ဆုံကြ၊ လောကညွှန့်သည့်
လျှပ်တစ်ပြက်မျှ ကြုံရပေသည်
မုန်းလျက်မခွဲ ချစ်လျက်ခွဲသည်
မိတ်ဆွေတို့ သတ်မို့ မြမျက်ရည်----။

(ပျဉ်းမနား မောင်နီသင်း)

(၈-၁၂-၂၀၁၃ နေ့တွင် ကျင်းပမည့် အောင်ဆန်း(၆) မိတ်ဆုံပွဲသို့. . . )

---

## အင်းတော်မြို့နယ် ဆည်ရွာနှင့် မဲဇာရွာအကြား ရထားဘီရိုတ်တွဲဘီးချော် ခုနစ်နာရီအတွင်းအပြီးပြင်ဆင်၍ မန္တလေးသို့ ထွက်ခွာ

မုံရွာ ဒီဇင်ဘာ ၅

အင်းတော်မြို့နယ် ဆည်ရွာနှင့် မဲဇာကျေးရွာအကြား မိုင်တိုင် အမှတ် (၅၇၈/၇-၈) အကြား၌ ဒီဇင်ဘာ ၃ ရက် ည ၁၂ နာရီကျော်က မြစ်ကြီးနား-မန္တလေး အစုန်မန္တလာရထားစက်ခေါင်းအမှတ် DF-1344 ၏ ဘရိတ်တွဲဘီးချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ တွဲချော်ရာသို့ အင်းတော်ဘူတာမှ အငယ်တန်းအင်ဂျင်နီယာ ဦးတင်လှ၊ ကောလင်းဘူတာမှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းဝင်း(စက်မှု) နှင့် အဖွဲ့မှ ချက်ချင်းသွားရောက် ပြုပြင်ဆောင်ရွက်ခဲ့ရာ နံနက် ၇ နာရီတွင် ပြီးဆုံးခဲ့ပြီး မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာနိုင်ခဲ့ကြောင်းသိရသည်။

(မျိုးဝင်းထွန်း-မုံရွာ)

## ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၅

သထုံမြို့နယ်အသင်း(ရန်ကုန်)မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ထူးချွန်ထက်မြက်ပြီး ပညာသင်စရိတ်အခက်အခဲရှိသော သထုံအသင်းဝင်အသင်းသား/ အသင်းသူများ၏ သားသမီးများအတွက် သက်ဆိုင်ရာတက္ကသိုလ်သို့ တက်ရောက်ရန် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိရာ ယခုနှစ်အတွက် ထောက်ပံ့ကြေးလျှောက်လွှာများအား ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်အတွင်း သထုံအသင်း(ရန်ကုန်)တွင် ထုတ်ယူနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

## ကလေးများအတွက် UK တက္ကသိုလ်က မူကြိုကျောင်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၅။ ကလေးများအတွက် UK တက္ကသိုလ်က မူကြိုကျောင်းသစ်ဖွင့်လှစ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးလမ်း၊ အမှတ်(၄၂)တွင် ဒီဇင်ဘာ ၄ ရက် နံနက်က ကျင်းပခဲ့ရာ အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် ဒါရိုက်တာညီမင်းလွင်တို့က ဖွင့်လှစ်ပေးခဲ့သည်။

(အိုးပေခင်မောင်ကွန်း)

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား အလှူငွေပေးအပ်



နေပြည်တော် ဒီဇင်ဘာ ၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ခုတင် (၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံ သို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်မည့်လူနာ ၂၃ ဦး အတွက် လှူဒါန်းငွေကျပ် ၁၅၀၀၀၀၀ ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက ပေးအပ်ရာ ခုတင် (၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူက လက်ခံ ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။(ယာပုံ)

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ခွဲစိတ်ပြီးလူနာနှင့် ခွဲစိတ်မည့်လူနာများ အား လှည့်လည်ကြည့်ရှုခဲ့ပြီး အာဟာရပစ္စည်းများ ထောက် ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ကမ္ဘာ့နိုင်ငံအသီးသီးမှ ကင်းထောက်လူငယ် ၅၀၀၀ တို့နှင့် တွေ့ဆုံရင်းနှီးခဲ့သော မြန်မာကင်းထောက်လူငယ်တို့ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၅

အများအကျိုးသယ်ပိုးလိုသော လူမှုရေးစိတ်ဓာတ်မြင့်မားပြီး ပြည်သူများ အတွက် အဆင်သင့်ရှိသော ကျောင်းသားလူငယ်များပေါ်ထွန်းလာစေရန် မြန်မာတစ်နိုင်ငံလုံးမှ ရွေးချယ်ထားသည့် အခြေခံပညာကျောင်းများတွင် ကင်းထောက်လူငယ်အဖွဲ့များကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး နိုင်ငံတကာရှိ ကင်းထောက်လုပ်ငန်းများကို လေ့လာခွင့်ရရန် ထိုင်းနိုင်ငံတွင် ကျင်းပသည့် လေးကြိမ်မြောက် ASEAN Scout Jamboree သို့ ကြီးကြပ်သူနှစ်ဦးနှင့် မြန်မာလူငယ် ၂၈ တို့ကို နိုဝင်ဘာ ၂၇ ရက်က စေလွှတ်ခဲ့သည်။

အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့မှ ကင်းထောက်လူငယ် ပေါင်း ၅၀၀၀ တို့နှင့် တွေ့ဆုံရင်းနှီးခွင့်ရရှိခဲ့ပြီး ၎င်းတို့၏ ကင်းထောက်လုပ်ငန်း များကို လေ့လာခွင့်ရခဲ့သဖြင့် မြန်မာကင်းထောက်လူငယ်များ လေးစား အားကျကာ ကြိုးစားလာစေရန် အတွေ့အကြုံ ပြန်လည်ရှင်းလင်းပွဲကို ရန်ကုန်မြို့ အထက(၄) အလုံမြို့နယ် သီရိရတနာခန်းမ၌ ယနေ့ကျင်းပခဲ့သည်။

အဆိုပါ ခရီးစဉ်သည် ရှစ်ရက်ခန့်ကြာမြင့်ခဲ့ပြီး ခြေကျင်တောင်တက်ခြင်း၊ ခွန်စားရသည့် ခရီးစဉ်များပါဝင်ခြင်း၊ အားကစားနည်းအမျိုးမျိုးကို လက်တွေ့ ဆောင်ရွက်ရခြင်း၊ အာဆီယံနိုင်ငံများ၏ ရိုးရာယဉ်ကျေးမှုလေ့ထုံးစံများကို လေ့လာခွင့်ရခြင်း၊ ရိုးရာအစားအစာများကို ဖလှယ်ကြခြင်း၊ တေးသီချင်းများ သီဆိုကြရခြင်းတို့ပါဝင်ကြောင်း သိရသည်။

"လေးနာရီလောက် လမ်းလျှောက်ရတာတွေရှိတဲ့အတွက် အရမ်းပင်ပန်းပါ တယ်။ ရောက်ရောက်ချင်း သူတို့နဲ့ ရင်ပေါင်တန်းပြီး အလုပ်လုပ်နိုင်ပါ့မလားဆိုပြီး စိတ်ပူခဲ့ပါတယ်။ ဒါပေမယ့် အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့ပါတယ်"ဟု အထက (၄) စစ်တွေမှ ကင်းထောက်လူငယ် မောင်ကိုကိုကြီးက ၎င်း၏ အတွေ့အကြုံ များကို ရှင်းပြသည်။

ကင်းထောက်လူငယ်အဖွဲ့ကို ကြီးကြပ်လိုက်ပါရသည့် မှန်ပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးမှ လ/ထညွှန်ကြားရေးမှူးဒေါက်တာချစ်ကိုကိုက မြန်မာကင်းထောက်လူငယ်များအနေဖြင့် ယခုထက်ပို၍ အင်္ဂလိပ်စာနှင့် ဖြေပ လေ့ကျင့်ခြင်းများကို တိုးတက်အောင်လေ့လာသင့်ကြောင်း၊ အချိန်လေးစားမှု ရှိသင့်ကြောင်းတို့ကို နောင်သွားရောက်မည့် မြန်မာကင်းထောက်လူငယ်များ ကြိုတင်ပြင်ဆင်နိုင်ကြရန်သုံးသပ်ပြောကြားသည်။

ခရီးစဉ်တွင် စည်းကမ်းပိုင်းနှင့်ဆိုင်သည့် ပြိုင်ပွဲများပါဝင်ပြီး မြန်မာကင်း ထောက်လူငယ်အချို့ဆုများရရှိခဲ့သည်ဟုလည်း အဆိုပါရှင်းလင်းပွဲမှသိရသည်။

"ဖွင့်ပွဲအခမ်းအနားမှာ နိုင်ငံကိုယ်စားပြုကင်းထောက်မောင်မယ်နှစ်ဦးက ကိုယ့်နိုင်ငံအလံကိုင်ကြရပါတယ်။ အဲဒီမှာမြန်မာနိုင်ငံအလံရှိတဲ့ နေရာကို ထြစထြေးလျှ၊ ထိုင်း၊ အိန္ဒိယ၊ ကိုရီးယား စတဲ့နိုင်ငံက ကင်းထောက်တွေ ပြေးလာပြီး မိတ်ဆက်ကြ၊ ဓာတ်ပုံတွေရိုက်ကြတဲ့အတွက် မြန်မာကိုသတိစိတ် ဝင်စားတာတွေ့ရပါတယ်"ဟု အဆိုပါခရီးစဉ်တွင်ပါဝင်ခဲ့သည့် အထက(၄) အလုံမှ ကင်းထောက်လူငယ် မပြစန္ဒီစောက ပြောပြသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးကင်းထောက်လူငယ်အဖွဲ့ကို ၁၉၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၂၀ ခုနှစ်တွင် ကင်းထောက်လူငယ်အဖွဲ့အစည်းအဆင့် ဆင့်ကို ဆက်လက်ဖွဲ့စည်းခဲ့သည်။ သို့သော် ၁၉၆၃ ခုနှစ်တွင် ကင်းထောက်လုပ် ငန်းများရပ်ဆိုင်းခဲ့သည်ဟုသိရသည်။ နှစ်ပေါင်း ၅၁ နှစ်ခန့် ကွယ်ပျောက်ခဲ့ ရသောကင်းထောက်လုပ်ငန်းများသည် ယခုအစိုးရသစ်လက်ထက်တွင် ဘက် စုံထူးချွန်သော နိုင်ငံသားကောင်းများပေါ်ထွန်းလာစေရန်၊ နိုင်ငံရေးမဖက်၊ လူမှု ဝန်ထမ်းသက်သက်ဖြစ်လာရေးဦးတည်လေ့ကျင့်ပေးရန်၊ တာဝန်သိသော၊ကိုယ် ကျင့်တရား စာရိတ္တကောင်းမွန်သော စံပြလူငယ်များဖြစ်လာစေရန်၊ မိမိကိုယ် ကိုအားကိုးတတ်စေရန်၊ လူသားအချင်းချင်းချစ်ခင်တတ်ပြီး အများအကျိုးဆောင် ရွက်တတ်သူများဖြစ်လာစေရန် ကင်းထောက်လူငယ်အဖွဲ့များကို ပြန်လည် ဖွဲ့စည်းပေးခဲ့သည်။ (နန္ဒာဝင်း)






# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီးလ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ပြီးဆုံး၍ မြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior အား ယနေ့ နံနက် ၁၁ နာရီတွင် သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပညာရေး၊ ကျန်းမာရေး၊ မွေးမြူရေး၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပညာရှင်များဖြင့် အတွေ့အကြုံများ ဖလှယ်၍ ပိုမိုမြင့်တင်ဝူးပေါင်းဆောင်ရွက်နိုင်ခဲ့မှု၊ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာနှစ်ခု ရေးထိုးနိုင်ခဲ့မှုတို့ကို ဆွေးနွေးခဲ့ကြသည်။ ထိုသို့ တွေ့ဆုံရာ၌ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## လာအိုသမ္မတနှင့်ဇနီး မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် ဒီဇင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်နှင့် ဇနီး မစ္စစ် ကေအိုဆိုင်းကျိုင်း ဆိုင်ညဆွန်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြမည့် ဧည့်သည်များအား မေတ္တာရပ်ခံပန်ကြားချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ကျင်းပမည်ဖြစ်ပါသည်။

၂။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ပွင့်လင်းတိုးတက်လာသည့် နိုင်ငံတော်သစ်၏ ပုံရိပ်ကို နိုင်ငံတကာအလယ်တွင် ဝင့်ကြွားထည်ဝါစွာ ထင်ဟပ်စေမည့်အပြင် နိုင်ငံ့ဂုဏ်၊ နိုင်ငံ့သိက္ခာကိုပါ တိုးတက်မြင့်မားစေမည်ဖြစ်ပါသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ✱

ယနေ့ ဝ မာတိကာ

ပင်နီဇွဲလားအစိုးရ ကားဈေးနှုန်းထိန်းချုပ်
စာမျက်နှာ - ၄

သစ်တောကြိုးဝိုင်းများအတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး ရှင်းလင်းမှာကြား
စာမျက်နှာ - ၇

ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်
စာမျက်နှာ - ၁၁

## Cossna Grand Caravan 208 B လေယာဉ်များ စတင်ပြေးဆွဲမည်

နေပြည်တော် ဒီဇင်ဘာ ၅

မြန်မာ့လေကြောင်းမှဝယ်ယူထားသည့် အမေရိကန်နိုင်ငံထုတ် Cossna Grand Caravan 208 B လေယာဉ်ငယ်များဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး(ချမ်းမြသာစည်)လေဆိပ်များမှ စင်းလုံးငှားခရီးစဉ် BUSINESS CHARTER, SIGHT SEEING CHARTER, PACKAGE TOUR CHARTER များ ပျံသန်းဝေးတော့မည်ဖြစ်ကြောင်း၊ အဆိုပါလေယာဉ်များသည် ခရီးသည် ၁၁ ဦးတင်ဆောင်နိုင်ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကာလအတွင်း အထူးနှုန်းအဖြစ် ပျံသန်းချိန်တစ်နာရီလျှင် ငွေကျပ်ရစ်သိန်း (သို့) အမေရိကန်ဒေါ်လာ ၈၀၀ နှုန်းဖြင့် ပျံသန်းပေးသွားမည်ဖြစ်ကြောင်း၊ ပုံမှန်ခရီးစဉ်များကိုလည်း ဒီဇင်ဘာလအတွင်း ပြေးဆွဲနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း၊ စင်းလုံးငှားခရီးစဉ်များနှင့်ပတ်သက်၍ စုံစမ်းလိုပါလျှင် ရန်ကုန်-၀၁-၃၇၄၈၇၄၊ ၁၁-၃၇၁၁၃၁၊ ၀၉-၅၃၇၁၅၈၉၊ ၀၉-၄၃၀၃၉၁၅၈၊ ၀၉-၄၃၀၃၉၀၆၂၊ နေပြည်တော်-၀၆၇-၄၁၁၄၃၃၊ ၀၉-၈၃၀၃၇၀၈၊ မန္တလေး-၀၂- ၃၆၂၂၂၊ ၀၉-၂၀၂၂၉၈၉နှင့် ၀၂-၃၆၂၂၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် ဆီးဂိမ်းအထူးထုတ် လေးမျက်နှာ အပိုပါရှိပါသည်။**



## စင်ကာပူက စထမဆုရယူကာ Floorball သရုပ်ပြပြိုင်ပွဲပြီးဆုံး

သတင်းနှင့်ဓာတ်ပုံ ဇေယျာ(မိုးချ)

နေပြည်တော် ဒီဇင်ဘာ ၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားဇုန်ကွင်း(စီ)ရှိ Floorball သရုပ်ပြပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ကို ယနေ့ကျင်းပခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၀ သို့ ○

ရွှေနီးကလေးဆပ်ပြာ



ဈေးချိုပြီးသေချာတာ ရွှေနီးကလေးဆပ်ပြာ

• Italy နိုင်ငံထုတ် Mazzoni စက်သစ်ကြီးဖြင့်ထုတ်လုပ်ထားသဖြင့် နိုင်ငံခြား Quality ပြည်တွင်းထုတ်ဖြစ်သည်။
• ၁ တောင့်လျှင် 240 gm ပါသည်။
• ၁၀ တောင့် (၁ထုပ်) 8x10 = 80 တောင့်
• ကိုယ်တိုက်ဆပ်ပြာဈေးအတွက် အသင့်ထုတ်လုပ်နိုင်သည့် Soap Noodle မှ ထုတ်လုပ်ထားသဖြင့် အရည်အသွေးပိုင်းတွင် အထူးကောင်းမွန်သည်။
• ဈေးနှုန်းအလွန်သက်သာပြီး အသုံးခံသည်။
• အမြှုပ်ထအားကောင်းပြီး ချေးကျွတ်သည်။
• သဘာဝဆီအုန်းမှ ထုတ်လုပ်ထားပါသည်။ (တိရစ္ဆာန်ဆီ လုံးဝမပါဝင်ပါ)။



လူတိုင်းအတွက် ရွှေနီးကလေးဆပ်ပြာ

Golden Flower Co., Ltd.

အမှတ် - ၂၁၄(အေ)၊ ဗိုလ်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01-2300672, 2300677, 2300679, 09 448008120

ကြေးမုံ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးထုတ်



(၄၄) နှစ်တွင် တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဂုဏ်ပြုပါသည်။ ၆ - ၁၂ - ၂၀၁၃ (သောကြာနေ့)

# ဝူရှူးအားကစား




သတင်း - နိုင်ညီ
ဓာတ်ပုံ - Komo

ဝူရှူးအားကစားနည်းတွင် သရုပ်ပြယှဉ်ပြိုင်ခြင်းနှင့် အတိုက်ယှဉ်ပြိုင်ခြင်းတို့ပါဝင်ပြီး တရုတ်ရိုးရာကိုယ်ခံပညာရပ်များမှတစ်ဆင့် ဆင်းသက်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထိုအားကစားနည်းသည် တရုတ်နိုင်ငံတွင် ၁၉၄၉ ခုနှစ်နောက်ပိုင်းတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်။ ဝူရှူး(Wushu) ဟူသော စကားလုံးတွင် "Wu" ၏ အဓိပ္ပာယ်သည် အင်္ဂလိပ်ဘာသာဖြင့် "Martial" ဖြစ်ပြီး "Shu"၏ အဓိပ္ပာယ်သည် "Art" နှင့်တူညီကြောင်း သိရသည်။ ထို့ကြောင့် ဝူရှူးကိုအဓိပ္ပာယ်ဖွင့်ဆိုလျှင် "ကိုယ်ခံပညာရပ် (Martial Art)" ဟု အဓိပ္ပာယ်ရပါသည်။ ဝူရှူးအားကစားနည်းကို ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ် (IWUF) က ဦးဆောင်လျက်ရှိပြီး ကမ္ဘာ့တံခွန်စိုက် ဝူရှူးပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည်။ ကမ္ဘာ့တံခွန်စိုက် ဝူရှူးပြိုင်ပွဲမှာ ၁၉၉၁ ခုနှစ်၌ စတင်ပေါ်ပေါက်လာသော အဆင့်အမြင့်ဆုံးဝူရှူးအားကစားပြိုင်ပွဲ ဖြစ်ပါသည်။

ဝူရှူးအားကစားနည်းတွင် အမျိုးအစား နှစ်မျိုးပါဝင်ကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းအမျိုးအစားနှစ်မျိုးမှာ ထောက်လု(Taolu)ဟုခေါ်သော သရုပ်ပြယှဉ်ပြိုင်မှုနှင့် ဆန်းဆို (San Shou) ဟုခေါ်သော တိုက်ခိုက်ယှဉ်ပြိုင်မှုပွဲစဉ်များ ဖြစ်သည်။ သရုပ်ပြယှဉ်ပြိုင်မှုတွင် စွမ်းဆောင်ရည်ကောင်းမွန်မှု၊ နည်းစနစ်ကောင်းမွန်မှုနှင့် တည်ငြိမ်မှုရှိခြင်းတို့အပေါ် အကဲဖြတ်အမှတ်ပေးသည်။ ဆန်းဆိုမှာတစ်ဦးနှင့်တစ်ဦး စာမျက်နှာ ၃ သို့ »»



## နိုင်ငံ့ဂုဏ်ကို ရွှေရောင်ဖြင့်လင်းစေမည့် မွေထိုင်းအားကစားနည်း

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံအနေဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့် အခါသမယ၌ အားကစားနည်းပေါင်းစုံမှ အားကစားသမားများအနေဖြင့် အိမ်ရှင်ဟူသော ဂုဏ်ရှိန်ကိုမြှင့်တင်ရန်နှင့် မြန်မာကို ကမ္ဘာက သိအောင်စွမ်းဆောင်မည်ဟူသောရည်ရွယ်ချက်ဖြင့် ရွှေဆုအောင်နိုင်ရေး သန္နိဋ္ဌာန်ချကာ အပြင်းအထန်လေ့ကျင့်ပြင်ဆင်လျက်ရှိနေကြသည်။ ယင်းသို့ သက်ဆိုင်ရာ ပြိုင်ပွဲဝင်အားကစားကဏ္ဍမှ တစားသမားများ အကောင်းဆုံးပုံစံဖြင့် လေ့ကျင့်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေလျက်ရှိနေသည်အချိန်တွင် ပြိုင်ပွဲဝင်အားကစားနည်းတစ်မျိုးဖြစ်သော မွေထိုင်းအားကစားနည်းမှ အားကစားသမားများ၏ လက်ရှိအနေအထား၊ စုဖွဲ့မှုနှင့် ပြိုင်ပွဲဝင်မည့်အခြေအနေတို့နှင့် ပတ်သက်၍ တင်ပြလိုက်ရပါသည်။

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာမွေထိုင်းအားကစားအဖွဲ့သည် ပြိုင်ပွဲဝင်အားကစားသမား အပြီးသတ်လူရွေးချယ်ပြီးနောက် အမျိုးသား ခုနစ်ယောက်၊ အမျိုးသမီး စာမျက်နှာ ၂ သို့ »»

## နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
| --- | --- | --- | --- |
| မြန်မာ | ၂ | ၀ | ၀ |
| ထိုင်း | ၂ | ၂ | ၀ |
| မလေးရှား | ၀ | ၀ | ၄ |
| ကမ္ဘောဒီးယား | ၀ | ၁ | ၁ |
| လာအို | ၀ | ၁ | ၂ |
| ဘရူနိုင်း | ၀ | ၀ | ၀ |
| အင်ဒိုနီးရှား | ၀ | ၀ | ၀ |
| ဖိလစ်ပိုင် | ၀ | ၀ | ၀ |
| စင်ကာပူ | ၀ | ၀ | ၀ |
| ဗီယက်နမ် | ၀ | ၀ | ၀ |
| တီမော | ၀ | ၀ | ၀ |




27th SEA GAMES MYANMAR 2013

27th SEA GAMES
MYANMAR 2013



ဆီးဂိမ်းတွင် အကောင်းဆုံးရလဒ်ထွက်အောင် ကြိုးစားယှဉ်ပြိုင်သွားမည့် မြန်မာဘတ်စကက်ဘောအသင်း

စာမျက်နှာ ၂ »»

ဝါတာပိုလိုအားကစားပြိုင်ပွဲ ယနေ့ စတင်ယှဉ်ပြိုင်မည်

စာမျက်နှာ ၂ »»



ပထမဆုံး ဆီးဂိမ်းရွှေတံဆိပ်ဆု ရယူရန် အလားအလာကောင်းများရှိနေသည့် မြန်မာအမျိုးသမီး ဘောလုံးအသင်း

စာမျက်နှာ ၃ »»



# မြန်မာအမျိုးသမီးဘောလုံးအသင်း ဆီးဂိမ်းအတွက် အပြီးသတ်လူရွေး

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - စိုးညွန့်

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အပြီးသတ် ကစားသမား ၂၀ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းတွင် အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ကူမာဒါ (ဂျပန်)၊ လက်ထောက်နည်းပြ ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြ ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုး - မေခင်ယမင်း၊ မြဖူးငုံ၊ နောက်တန်း - မြင့်မြင့်အေး၊ စန်းစန်းမော်၊ မိုးမိုးဝါ၊ ခင်သန်းဝေ၊ ဖူးပွင့်ခိုင်၊ ရွှေစင်အောင်၊ ဝေဝေအောင်၊ ဇင်မာဝင်း၊ ဇာခြည်ဦး၊ သီတာဦး၊ စုစုဝေ၊ မေဇင်နွယ်၊ အလယ်တန်း - သန်းသန်းထွေး၊ နန်းကြေးငုံ၊ နီလာမြင့်၊ ခင်မိုးဝေ၊ ရှေ့တန်း - ခင်မာလာထွန်း၊ ရီရီဦး၊ နော်အားလိုဝါးဖော၊ မာဂရက်မေရီနှင့် ဝင့်သီရိထွန်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းမှာ ဒီဇင်ဘာ ၄ ရက်က ဘောလုံးအဖွဲ့ချုပ်အကယ်ဒမီလူငယ်အသင်းနှင့် နောက်ဆုံးခြေစမ်းပွဲကစားခဲ့ပြီး ယင်းပွဲအပြီးတွင် အပြီးသတ်လူစာရင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ မလေးရှားတို့ ပါဝင်နေသည်။ မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် တစားရမည်ဖြစ်သည်။

# (၂၇)ကြိမ်မြောက် SEA Games အကြို တာချီလိတ်စက်ဘီးစီးအသင်း လွိုင်လင်သို့ရောက်ရှိ

**လွိုင်လင် ဒီဇင်ဘာ ၅**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်စက်ဘီးစီးအသင်းမှ တာချီလိတ်-နေပြည်တော် ခရီးရှည်စက်ဘီးစီးသမားများသည် ဒီဇင်ဘာ ၁ ရက်က တာချီလိတ်မှ စတင်ထွက်ခွာခဲ့ရာ ဒီဇင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့တွင် ညအိပ် ရပ်နားခဲ့သည်။ ဒီဇင်ဘာ ၄ ရက် နံနက် ၆ နာရီတွင် ကွန်ဟိန်းမြို့မှထွက်ခွာခဲ့ရာ ညနေ ၄ နာရီခွဲတွင် လွိုင်လင်မြို့သို့ရောက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။**(အောက်ပုံ)**

အဆိုပါ စက်ဘီးစီးအဖွဲ့တွင် စက်ဘီးစီးအားကစားသမား ၂၂ ဦးပါဝင်ပြီး ဒီဇင်ဘာ ၅ ရက်တွင် တောင်ကြီးမြို့မှ တစ်ဆင့် နေပြည်တော်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**





# (၂၇) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်မည့် Royal Myanmar Golf Club ကို အကောင်းဆုံးမွမ်းမံပြီးဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၅**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဟိုတယ်ဇုန်အနီးရှိ Royal Myanmar Golf Club တွင် ဆီးဂိမ်းပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ စကင်ကာ ပြည်တွင်း ပြည်ပဂေါက်သီးကစားသမား ၇၀ ဖြင့် ယှဉ်ပြိုင်သွားမည်ဟု သိရသည်။

အဆိုပါဂေါက်ကွင်းကို ဆီးဂိမ်းအတွက် ပြင်ဆင်မွမ်းမံမှုနှင့်ပတ်သက်၍ ဂေါက်ကွင်းထိန်းသိမ်းရေးစီမံကိန်း ဒါရိုက်တာ ဒေါ်ခင်ဆွေအေးကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ စီမံကိန်းဒါရိုက်တာက "ဒီဂေါက်ကွင်းက ၁၈ ကျင်း ရှိပါတယ်။ မြန်မာစီးပွားရေးလုပ်ငန်းရှင်ခြောက်ဦးက ၂၀၀၇ ခုနှစ်ကတည်းက စတင်ရင်းနှီးမြှုပ်နှံခဲ့တာပါ။ ၂၀၁၀ မှာတော့ တရားဝင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီနှစ် စက်တင်ဘာ ၂ ရက်မှာတော့ ကွင်းကို လုံးဝပိတ်လိုက်ပြီး ဆီးဂိမ်းအတွက် အကောင်းဆုံးပြန်လည်မွမ်းမံမှုပြုလုပ်ခဲ့ပါတယ်။ ယခင်က ဂေါက်ကွင်းထိန်းသိမ်းရေးဝန်ထမ်း လူအင်အား ၁၂၀ ကို ၂၀၀ အထိတိုးကာ အားဖြည့်ထားသလို စက်ပစ္စည်းပိုင်းဆိုင်ရာများကိုလည်း ထပ်မံအားဖြည့်လုပ်ဆောင်လျက်ရှိပါတယ်။ အခုအချိန်မှာ လာရောက်ယှဉ်ပြိုင်မယ့် ကစားသမားတွေအတွက် အဆင်သင့်ဖြစ်နေပါပြီ"ဟု ရှင်းပြသည်။

မြန်မာနိုင်ငံ၌ ကျင်းပသည့် ဆီးဂိမ်းအတွက် ဝမ်းသာပီတိဖြစ်မှုကို "သမီးလေးကို ပွဲထုတ်ရတဲ့ အမေတစ်ယောက်လိုပါပဲ"ဟု ရင်တွင်းစကား ပြောပြခဲ့သည်။

Royal Myanmar Golf Club ကွင်းဒီဇိုင်းသည် ဩစတြေးလျနိုင်ငံမှ Pacific Coast Design အဖွဲ့က ရေးဆွဲထားခြင်းဖြစ်ပြီး Fairway၊ Tee ခုံ၊ Bunker ကအစ မြက်ပင်မကျန် နိုင်ငံတကာအဆင့်မီ ပြုလုပ်ထားပြီးဖြစ်သည်ကို တွေ့မြင်ခဲ့ရသည်။ ဤကဲ့သို့ နိုင်ငံတကာအဆင့်မီယှဉ်ပြိုင်ရန်ကွင်းများကို သက်ဆိုင်ရာက ပြုလုပ်ပေးထားသကဲ့သို့ ယှဉ်ပြိုင်ကြမည့် ကစားသမားများမှာ စိတ်ကျေနပ်မှုအပြည့်ဖြင့် မိမိအသင်းအောင်နိုင်ရေး အားထုတ်ကစားရန်သာ ရှိတော့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)**

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

# ကျေးဇူးတင်ဝမ်းမြောက်ခြင်း

၁၈-၁၁-၂၀၁၃ ရက်တွင် ကျရောက်သည့် မြန်မာအရှေ့တိုင်းဘဏ်လီမိတက် ဘဏ်သက်တမ်း နှစ်(၂၀)ပြည့် ဆွမ်းကျွေးအခမ်းအနားနှင့် ၁၉-၁၁-၂၀၁၃ ရက်တွင် Hotel Chatrium ၌ ပြုလုပ်သည့် ဂုဏ်ပြုအခမ်းအနားနှင့် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော မိတ်သင်္ဂဟများနှင့်တကွ ဂုဏ်ပြုလက်ဆောင်များ ပေးပို့ကြသော အဖွဲ့အစည်း အသီးသီးအား မြန်မာအရှေ့တိုင်းဘဏ်လီမိတက်မိသားစုမှ အထူးကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း။

**မြန်မာအရှေ့တိုင်းဘဏ်လီမိတက်မိသားစု**










ဝယ်ပေါင်းဝိုင်းအဆောက်အအုံ
(CONDOMINIUM)
နိုဝင်ဘာလ (၁၅)ရက် ၂၀၁၃ ခုနှစ်မှ
ဒီဇင်ဘာလ (၁၅)ရက် ၂၀၁၃ခုနှစ်အတွင်း
ဝယ်ယူသူ မိတ်ဆွေများအတွက်
Discount + 22nd Payment Time
အထူးအစီအစဉ်ဆောင်ရွက်ထားပါသည်။
"Yangon's Premier Luxury No 1 Lifestyle"
D
Diamond INYA Palace
အင်းယားကန်အနီးမှအဆင့်မြင့်နန်းတော်
အမှတ်(၂)ဦးထွန်းငြိမ်းလမ်း မရမ်းကုန်းမြို့နယ် အင်းယားကန်အနီး တည်ရှိပါသည်။
Facilities ၄၅% အခန်းဧရိယာ ၅၅% အချိုးနှင့် တည်ဆောက်ပေးထားပါသည်။
Facilities များအနေဖြင့် Restaurant, Shops, Mini Mart, Bakery, Coffee Shop, Business Centre, Banquet, Playground, Squach, Table Tennis, Snooker, Yoga, Fitness Centre, Spa, Lift, Car Wash, Stairs, Office, Lobby, Swimming Pool, Pond, Indoor Garden တို့ ပါဝင်မည်ဖြစ်ပါသည်။
Car Parking အဖြစ် ကားအစီးရေ (၅၀၀)ကျော် ရပ်နားနိုင်ရန် ထည့်သွင်းထားပါသည်။
ပြင်သစ်နိုင်ငံမှ Project Management နှင့် Construction Management တို့ တာဝန်ယူ တည်ဆောက်နေပါသည်။ ယင်း Group ရှိ
Mark Petrovic (Design Director and Managing Director - French)
Philippe Cardot (Senior Project Manager - French)
Larry Park (Construction Manager - British)
William Childress (Design Manager - American)
Jeremy Sarawy (Project Director - French)
Narit Chantrathama (Planning Manager - Thailand)
Anthony Smith (Contract Manager - British)
M.G.W Engineer Group
MGW
MANDALAY GOLDEN WINGS
Construction Limited
Yangon Showroom
No (39), 7 Mile, Pyay Road, Mayangone Township, Yangon, Myanmar.
Phone : 95-1- 656851, 656852, 95-9- 420097992, 420097993, 420097994, 420097995, 5039498
Fax : 95-1- 656850, E-Mail : diamondinya@myanmar.com.mm


PLAYGROUND
MINI MART
FITNESS CENTRE
BANQUET
LOBBY
RESTAURANT

ပထမ အကြိမ်

# လျှော်ရင်းကံစမ်း FUJI အာစွမ်း ရဲ့

# ကံစမ်းမဲ အစီအစဉ်ကို ဖွင့်လှစ်လိုက်ပါပြီ



**(၂၅)သိန်းဆု**

က 1337627

## ဆုမဲများနှင့် ပေါက်မဲနံပါတ်များ

**(၁၀)သိန်းဆု (၃) ဆု**

က 3493763 | က 3323450 | က 3314888

**(၅)သိန်းဆု (၄) ဆု**

က 1289122 | က 1086644 | က 1031840 | က 2326779

**ကျပ်ငါးသောင်းဆုများ** (ပေါက်မဲနံပါတ်များရှေ့တွင် · 'က' အက္ခရာ ပါရှိပါသည်)

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 002627 | 182627 | 367627 | 547627 | 727627 | 1907627 | 2087627 | 2267627 | 2447627 | 2627627 | 2807627 | 2987627 | 3167627 | 3347627 |
| 007627 | 187627 | 372627 | 552627 | 732627 | 1912627 | 2092627 | 2272627 | 2452627 | 2632627 | 2812627 | 2992627 | 3172627 | 3352627 |
| 012627 | 192627 | 377627 | 557627 | 737627 | 1917627 | 2097627 | 2277627 | 2457627 | 2637627 | 2817627 | 2997627 | 3177627 | 3357627 |
| 017627 | 197627 | 382627 | 562627 | 742627 | 1922627 | 2102627 | 2282627 | 2462627 | 2642627 | 2822627 | 3002627 | 3182627 | 3362627 |
| 022627 | 202627 | 387627 | 567627 | 747627 | 1927627 | 2107627 | 2287627 | 2467627 | 2647627 | 2827627 | 3007627 | 3187627 | 3367627 |
| 027627 | 207627 | 392627 | 572627 | 752627 | 1932627 | 2112627 | 2292627 | 2472627 | 2652627 | 2832627 | 3012627 | 3192627 | 3372627 |
| 032627 | 212627 | 397627 | 577627 | 757627 | 1937627 | 2117627 | 2297627 | 2477627 | 2657627 | 2837627 | 3017627 | 3197627 | 3377627 |
| 037627 | 217627 | 402627 | 582627 | 762627 | 1942627 | 2122627 | 2302627 | 2482627 | 2662627 | 2842627 | 3022627 | 3202627 | 3382627 |
| 042627 | 222627 | 407627 | 587627 | 767627 | 1947627 | 2127627 | 2307627 | 2487627 | 2667627 | 2847627 | 3027627 | 3207627 | 3387627 |
| 047627 | 227627 | 412627 | 592627 | 772627 | 1952627 | 2132627 | 2312627 | 2492627 | 2672627 | 2852627 | 3032627 | 3212627 | 3392627 |
| 052627 | 232627 | 417627 | 597627 | 777627 | 1957627 | 2137627 | 2317627 | 2497627 | 2677627 | 2857627 | 3037627 | 3217627 | 3397627 |
| 057627 | 237627 | 422627 | 602627 | 782627 | 1962627 | 2142627 | 2322627 | 2502627 | 2682627 | 2862627 | 3042627 | 3222627 | 3402627 |
| 062627 | 242627 | 427627 | 607627 | 787627 | 1967627 | 2147627 | 2327627 | 2507627 | 2687627 | 2867627 | 3047627 | 3227627 | 3407627 |
| 067627 | 247627 | 432627 | 612627 | 792627 | 1972627 | 2152627 | 2332627 | 2512627 | 2692627 | 2872627 | 3052627 | 3232627 | 3412627 |
| 072627 | 252627 | 437627 | 617627 | 797627 | 1977627 | 2157627 | 2337627 | 2517627 | 2697627 | 2877627 | 3057627 | 3237627 | 3417627 |
| 077627 | 257627 | 442627 | 622627 | 802627 | 1982627 | 2162627 | 2342627 | 2522627 | 2702627 | 2882627 | 3062627 | 3242627 | 3422627 |
| 082627 | 262627 | 447627 | 627627 | 807627 | 1987627 | 2167627 | 2347627 | 2527627 | 2707627 | 2887627 | 3067627 | 3247627 | 3427627 |
| 087627 | 267627 | 452627 | 632627 | 812627 | 1992627 | 2172627 | 2352627 | 2532627 | 2712627 | 2892627 | 3072627 | 3252627 | 3432627 |
| 092627 | 272627 | 457627 | 637627 | 817627 | 1997627 | 2177627 | 2357627 | 2537627 | 2717627 | 2897627 | 3077627 | 3257627 | 3437627 |
| 097627 | 277627 | 462627 | 642627 | 822627 | 2002627 | 2182627 | 2362627 | 2542627 | 2722627 | 2902627 | 3082627 | 3262627 | 3442627 |
| 102627 | 282627 | 467627 | 647627 | 827627 | 2007627 | 2187627 | 2367627 | 2547627 | 2727627 | 2907627 | 3087627 | 3267627 | 3447627 |
| 107627 | 287627 | 472627 | 652627 | 832627 | 2012627 | 2192627 | 2372627 | 2552627 | 2732627 | 2912627 | 3092627 | 3272627 | 3452627 |
| 112627 | 292627 | 477627 | 657627 | 837627 | 2017627 | 2197627 | 2377627 | 2557627 | 2737627 | 2917627 | 3097627 | 3277627 | 3457627 |
| 117627 | 297627 | 482627 | 662627 | 842627 | 2022627 | 2202627 | 2382627 | 2562627 | 2742627 | 2922627 | 3102627 | 3282627 | 3462627 |
| 122627 | 302627 | 487627 | 667627 | 847627 | 2027627 | 2207627 | 2387627 | 2567627 | 2747627 | 2927627 | 3107627 | 3287627 | 3467627 |
| 127627 | 307627 | 492627 | 672627 | 852627 | 2032627 | 2212627 | 2392627 | 2572627 | 2752627 | 2932627 | 3112627 | 3292627 | 3472627 |
| 132627 | 312627 | 497627 | 677627 | 857627 | 2037627 | 2217627 | 2397627 | 2577627 | 2757627 | 2937627 | 3117627 | 3297627 | 3477627 |
| 137627 | 317627 | 502627 | 682627 | 862627 | 2042627 | 2222627 | 2402627 | 2582627 | 2762627 | 2942627 | 3122627 | 3302627 | 3482627 |
| 142627 | 322627 | 507627 | 687627 | 867627 | 2047627 | 2227627 | 2407627 | 2587627 | 2767627 | 2947627 | 3127627 | 3307627 | 3487627 |
| 147627 | 327627 | 512627 | 692627 | 872627 | 2052627 | 2232627 | 2412627 | 2592627 | 2772627 | 2952627 | 3132627 | 3312627 | 3492627 |
| 152627 | 332627 | 517627 | 697627 | 877627 | 2057627 | 2237627 | 2417627 | 2597627 | 2777627 | 2957627 | 3137627 | 3317627 | 3497627 |
| 157627 | 342627 | 522627 | 702627 | 882627 | 2062627 | 2242627 | 2422627 | 2602627 | 2782627 | 2962627 | 3142627 | 3322627 | |
| 162627 | 347627 | 527627 | 707627 | 887627 | 2067627 | 2247627 | 2427627 | 2607627 | 2787627 | 2967627 | 3147627 | 3327627 | |
| 167627 | 352627 | 532627 | 712627 | 892627 | 2072627 | 2252627 | 2432627 | 2612627 | 2792627 | 2972627 | 3152627 | 3332627 | |
| 172627 | 357627 | 537627 | 717627 | 897627 | 2077627 | 2257627 | 2437627 | 2617627 | 2797627 | 2977627 | 3157627 | 3337627 | |
| 177627 | 362627 | 542627 | 722627 | 902627 | 2082627 | 2262627 | 2442627 | 2622627 | 2802627 | 2982627 | 3162627 | 3342627 | |

FUJI ရဲ့ ဒုတိယအကြိမ် (ခ)နံပါတ် ကံစမ်းမဲအစီအစဉ်ကို ဆက်လက်ကျင်းပပေးနေပါပြီ